ဝန်ဇင်း
Read on the move

# မြိုင်

ဒဂုန်တာရာ



# ဒဂုန်တာရာ၏ အမှာ

## (က)

'မြိုင်'ဝတ္ထုကို လွန်ခဲ့သော နှစ် ၄ဝ ကရေးသားခဲ့သည် ။ ၁၉၄၉ ရှုမဝ မဂ္ဂဇင်းတွင် မဂ္ဂဇင်း ဝတ္ထုရှည်အဖြစ် ဖော်ပြခဲ့သည် ။ ခေတ်ပေါ် မြန်မာ စာပေလောကတွင် ဝတ္ထုရှည်၊ ဝတ္ထုတိုဟူ၍ သုံးစွဲ ခဲ့ကြသည် ။ စစ်ပြီးခေတ်မဂ္ဂဇင်းများ ပေါ်ထွက်လာသောအခါ မဂ္ဂဇင်းတွင် အစအဆုံး စာမျက်နှာများ များ ပေး၍ ဖော်ပြခဲ့သေ ဝတ္ထုကို မဂ္ဂဇင်းဝတ္ထုရှည်ဟု ခေါ်ခဲ့ကြသည် ။

ယင်းသို့လျှင် ဝတ္ထုရှည်၊ ဝတ္ထုတို၊ မဂ္ဂဇင်း ဝတ္ထုရှည် စသော ဝေါဟာရများ ဖြင့် ခေါ်ဝေါ် သုံးစွဲလာကြသည် ။ စာအုပ် သက်သက်ဖြင့် ထုတ်ဝေသော လုံးချင်းဝတ္ထုများကို ဝတ္ထုရှည်ဟု လည်း ခေါ်ကြသည် ။

အခု 'မြိုင်'ဝတ္ထုကိုတော့ ဝတ္ထုဟု သာခေါ်ချင်သည် ။ စာမျက်နှာအတိုအရှည်ကို အခြေပြု၍ ခေါ်သော ဝတ္ထုအမျိုးအမည် ခွဲခြားခြင်းကို သိပ်မကြိုက်လှ၊ ဝတ္ထုရေးသူသည် ဝတ္ထုများများ ရေးသူ တော့မဟုတ်။ ၁၉၄၈ လောက်ကဆိုလျှင်သာ၍ ပင် ဝတ္ထုအရေး နဲသေးသည် ။

'မြိုင်' ဝတ္ထု ဇာတ်လမ်းပုံကြမ်းကောက်ကြောင်းသည် စစ်ပြီးစပင် သူ၏ စိတ်ထဲ၌ သန္ဓေတည် ခဲ့သည် ဟု ဆိုရမည်။ သူသည် ၁၉၄၆ တွင် တာရာမဂ္ဂဇင်း ထုတ်ဝေလိုက်သောအခါ ဝတ္ထုရေးရန် မအားလပ်တော့၊ မဂ္ဂဇင်းလုပ်ငန်းနှင့် မဂ္ဂဇင်းနှင့်ပတ်သက်သော စာရေးခြင်းများက နေ

ရာယူသွား၍ ဂတ္ထုမရေးဖြစ်။

ရှုမဝမဂ္ဂဇင်း အယ်ဒီတာချုပ် ဦးကျော်က သူ့အား ဂတ္ထု ရေးပေးရန်ပူဆာသည် ။ သူက ဂတ္ထုရှည်လိုချင်သည် ဟု ပြောသည် ။ ဦးကျော်က သူ၏ ဂတ္ထုရှည်ကို ဖတ်ချင်သူဖြစ်သည် ။

၁၉၄၁ ခုနှစ်က ထုတ်ဝေခဲ့သော 'မေ'ဂတ္ထုကို ဦးကျော်က နှစ်သက်သူဖြစ်သည် ။ ဦးကျော် ပူဆာသဖြင့် သူသည် 'မြိုင်'ဂတ္ထုကို အမြန်ရေးလိုက်သည် ။ ဦးကျော်ကြောင့်ပင် 'မြိုင်' ဂတ္ထု ရေးဖြစ် သွားသည် ။ ဦးကျော်ကရေးပြီးသမျှကို လာယူ၍ စာစီသည် ။

## (ခ)

သူက 'မြိုင်'ဂတ္ထု၏ အမည်ကို 'မြိုင်' (သို့) 'သစ္စာဖောက်တော်လှန်ရေး'ဟု အမည် ပေးသည် ။ သို့သော် သစ္စာဖောက် တော်လှန်ရေးဟူသောအမည်က ကြမ်း၍ မသုံးဘဲထားလိုက် သည် ။ သစ္စာဖောက် တော်လှန်ရေးဆိုသည် မှာ တော်လှန်ရေးကို သစ္စာဖောက်ခြင်းဖြစ်သည် ။ 'မြိုင်' ဂတ္ထုကို ရေးနေသောအချိန်က သူသည် လွတ်လပ်ရေးရသည့်နှစ်၊ နိုင်ငံရေးရာနှင့် ပတ်သက်၍ ဝေနေသောအချိန်၊ ရှုတ်ထွေးနေသည့်အချိန်၊ မကြည်မလင် ဖြစ်နေသော အချိန်ဟု ဆိုရမည်။

ယင်းသူ၏ ခံစားချက်များကို 'မြိုင်'ဂတ္ထုထဲတွင် ဖော်ပြထားသည် ကို တွေ့နိုင်သည် ။ သူ၏ အသက်အရွယ်မှာ အဲသည် အချိန်က ၂၈ နှစ်သာရှိသေးရာ စိတ်လှုပ်ရှားမှုအတိုင်း နိုင်ငံရေးရာ ခံစားမှုများကို ဖွဲ့နွဲ့လိုက်ခြင်းဖြစ်သည် ။

ဘဝအတွေ့အကြုံ စာပေအတွေ့အကြုံ နုနယ်သော အရွယ်လည်း ဖြစ်သည် ။ သို့သော် သူသည် ခိုင်မြဲရေးတော့ ရေးဖွဲ့သည် ။ ထို့ကြောင့်ပင်

လျှင် ယခု ၄၄ နှစ်အကြာ ဂတ္တုကို ပြန်လည် ပုံနှိပ်သောအခါ တည်းဖြတ်ခြင်း၊ သိပ်မပြုဘဲ ငယ်သူတို့ ၏ ခပ်ရဲရဲ အရေးအသား ခံစားမှု အဖွဲ့ အနွဲ့ အတိုင်းသာလျှင် ရှိစေချင်သည် ။

တည်းဖြတ်လိုက်လျှင် ရဲရင့်မှုဂုဏ်၊ ခံစားမှုဂုဏ်များ ပျက်သွားပေလိမ့်မည်။ တကယ် ကတော့ သူသည် နိုင်ငံရေးသမား မဟုတ်။ ကျောင်းသားဘဝက နိုင်ငံရေးဆန်သော သမဂ္ဂ မိတ်ဆွေ ကျောင်းသားများ ဒို့ဗမာအစည်းအရုံးဝင်များ နှင့်တော့ ခင်မင်ရင်းနှီးခဲ့သည် ။ သို့သော် သူသည် နိုင်ငံရေးသမားဘဝကို မရွေးချယ်။ သူ၏ ပင်ရင်းစိတ်က ရွေးချယ်လိုက်သည့် အတိုင်း စာပေဘဝ၊ အနုပညာဘဝကိုသာ ဆုပ်မိသွားခဲ့သည် ။

အကယ်၍ နိုင်ငံရေးသမားဘဝကို ရွေးချယ်မိလျှင် သူသည် လုပ်ယူရမည်။ ဟန်ဆောင်ရမည်၊ သူ၏ ပင်ရင်းစိတ်နှင့် မကိုက်၊ အောင်လဲအောင်မြင်နိုင်မည်မထင်။ အယူအဆကွဲလွဲမှုနှင့် ရင်ဆိုင်ရကာ ရုပ်ပုံလွှာပျက်ပြားသွားနိုင်ည်။

သူ၏ ပင်ရင်းစိတ်နှင့် ကိုက်သည် ကတော့ အနုပညာဘဝဖြစ်မည်ထင်သည် ။ ဒါက ဟန်ဆောင်မှုမရှိ။ ခံစားမှုအတိုင်းရဲရဲ လုပ်နိုင်သည် ။ လွတ်လွတ်လပ်လပ်လုပ်နိုင်သည် ။

## (၇)

တကယ်တော့ သူသည် နိုင်ငံရေးသမားဖြစ်မသွားသောလည်း ကျောင်းသားဘဝက နောင် နိုင်ငံရေး ခေါင်းဆောင်များ ဖြစ်သွားမည့် သမဂ္ဂမိတ်ဆွေများ နှင့် ခင်မင်ရင်းနှီးခဲ့သည် ။ ကိုအောင်ဆန်း နှင့် ခင်မင်သည် ။ သို့သော် မရင်းနှီး၊ ရင်းနှီးအောင် မလုပ်၊ နိုင်ငံရေးသမားဖြစ်ချင်မှ သာ

လျှင် ရင်းနှီးမည်။

ကိုဘဟိန်းကိုကား ခင်မင်ရင်းနှီးသည် ။ ကိုဘဆွေနှင့်လည်း ကျောင်းဆောင်တစ်ခုထဲမို့ ရင်းနှီးသည် ။ သူတို့ နှင့် ထမင်းစားပွဲ၊ လက်ဖက်ရည်ဆိုင်တွင် ရုပ်ရှင်ရုံတွင် ငြင်းဖော်ငြင်းဖက်များ ဖြစ်ခဲ့ကြသည် ။

သူတို့ သည် နောင်အခါ ကွန်မြူနစ်များ ၊ ဆိုရှယ်လစ်များ ဖြစ်သွားကြသူများ ဖြစ်သည် ။ စစ်ပြီး သောအခါ ယင်း ကွန်မြူနစ်၊ ဆိုရှယ်လစ်များ ၏ ပြိုင်ဆိုင်မှုများကို တွေ့နိုင်သည် ။

သူကတော့မပါ။ နှစ်ဖက်လုံးကတော့ သူ့ကိုဆွဲကြသည် ။ သို့သော် သူမပါခဲ့၊ တစ်ချို့က သူ့ကို နားမလည်ကြ။ တစ်ချို့ကတော့ သူ့ကို နားလည်ကြသည် ။ ကွန်မြူနစ်ပါတီ၊ ဆိုရှယ်လစ် ပါတီများ မဖွဲ့စည်းမီကပင် လျှင် သူသည် သူတို့ နှင့် ရင်းနှီးခင်မင်ခဲ့ကြသည် ။

သူ့တွင် နိုင်ငံရေးအတွေ့အကြုံရှိလှသည် မဟုတ်။ ၁၃၀၀ ပြည့် အရေးတော်ပုံ၊ စစ်နှင့် တော်လှန်ရေးတို့ ကို ဖြတ်သန်းသွားရုံသာရှိခဲ့သည် ။

ယင်းနောက်ခံကားလေးနှင့် စာပေဖွဲ့နွဲ့လိုက်သောအခါ နိုင်ငံရေးအယူအဆနှင့် အနုပညာ တို့ ပေါင်းစပ်သောရသစာပေ အဖွဲ့အနွဲ့များသာဖြစ်လာသည် ။

လွတ်လပ်ရေး ကြေငြာသည့်နှစ်၊ စိတ်တွေ ဝေနေသောအခါတွင် သူသည် 'မြိုင်'ဝတ္ထုကို ရေးလိုက်သည် ။

## (ဃ)

၁၉၃၈ တွင် သူသည် မတ်(စ်)ဝါဒ ဆိုရှယ်လစ်ဝါဒ သဘောတရားစာ

အုပ်များ နှင့် စတင် တွေ့ထိရသည် ။ စာလုံးဖြင့် စတင်ထိတွေ့သည် ဆို ရမည်။

တစ်ချိန်တည်းတွင် ပင် အနောက်နိုင်ငံ စာပေနှင့်လည်း ထိတွေ့ခဲ့ရ သည် ။ အင်္ဂလိပ် စာပေ သာမဟုတ်။ ရုရှား၊ ပြင်သစ်၊ ပိုလန် စသော စာ ပေများ နှင့်လည်း ထိတွေ့ရသည် ။ သူသည် ရသ စာပေကို တပ်မက်သ ည် ။

နိုင်ငံရေး သဘောတရား ဆိုသည် က စာလုံးအဓိပ္ပာယ် သိရုံနှင့်ပြီး သည် မဟုတ်။ ကိုယ်တိုင် အတွေ့အကြုံဖြင့် ညှိမှ သာလျှင် နားလည်သ ည် ။ အဓိပ္ပာယ်သက်ရောက်သည် ဟု သူက ယူဆ သည် ။

ထိုအခါက သူ့အသိုင်းအဝိုင်းတွင် ဖတ်ရှုလေ့လာသော မတ်(စ်)ဝါဒ၊ ဆိုရှယ်လစ်ဝါဒ သဘောတရားများ သည် သူတို့ ပါဝင် ဦးဆောင်ခဲ့သော အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှု အတွက် အဖိုးတန်သော မောင်း နှင်ရေးသဘောတရားအင်အားဖြစ်ပေသည် ။

သဘောတရားဆိုသည် က စာလုံးပေါ်တွင် တည်သည် မဟုတ်၊ သ ဘောတရားကို မှန်ကန် စွာ ကျင့်သုံးခြင်းသည် သာလျှင် သစ္စာတရားဖြစ် ပေသည် ။

'မြိုင်'ဝတ္ထုသည် နိုင်ငံရေးဝတ္ထုမဟုတ်။ အချစ်ဝတ္ထုဖြစ်သည် ။ နိုင်ငံ့ ရေးရာနှင့် ပတ်သက် သော ဇာတ်ကွက်လေးများ ပါသည် မှာ လည်း နောက်ခံကား ပါးပါးနုနုသာ အရောင်ခြယ်ထား သည့် သဘောဖြထစ် ပေသည် ။ ဝတ္ထုအတိုင်းအတာ ပါးလွှာနေသဖြင့် ဝတ္ထုထဲရှိ နိုင်ငံရေးဇာ တ်ကောင်များ မှာ သိပ်ပီသချင်မှ ပီသမည်။ နိုင်ငံရေး လှုပ်ရှားမှုတစ်ခု တွင် လက်ဝဲ၊ လက်ယာ၊ အလယ်စသော အမျိုးအစား သုံးရပ်ပါဝင်နေသ ည့် သဘောကို သေးငယ်သော ရုပ်ပုံလွှာ အဖွဲ့အနွဲ့ သဘောမျှ လောက်

သာ ပါရှိသည် ကို တွေ့နိုင်သည် ။

ယင်းအမျိုးအစား သုံးခု အားပြိုင်ကာ အဖွဲ့အစည်းကြီးမှ ညီညွတ်ရေးတစ်ရပ် ပြိုကွဲသွား သောအခါ ဇာတ်ဆောင်ကဗျာ ဆရာသည် စိတ်ပျက်သွားသည် ။ အားလျော့သွားသည် ။ မည်သည့် အင်အားစုဘက်က မှန်သည် မှားသည် ကို သူဝေခွဲ၍ မရ။ ထိုအခါက ငယ်ရွယ်သေးသော ဝတ္ထုရေး ဆရာသည် လည်း ယင်းသို့ ဝေနေသော ခံစားမှုဖြင့် 'မြိုင်' ဝတ္ထုကို ရေးဖွဲ့လိုက်သည် ဟု ပြန်လှန် တွေးတော မိပေသည် ။

'မြိုင်' ဝတ္ထု၏ နောက်ခံကားမှာ ကိုလိုနီခေတ် အင်္ဂလိပ် အစိုးရများ ပြေးခါနီး ၁၉၃၉/၄၀ ဝန်းကျင်နှစ်ကာလဖြစ်သည် ။ နဂိုစိတ်ကူးထဲတွင် ဇာတ်ကောင်များ စွာ ရံ၍ ထားမည်ဟု မှန်းထား သည် ။ တကယ်ရေးချ လိုက်သောအခါ ဝတ္ထု၏ အတိုင်းအတာကြောင့် မထည့်သွင်းနိုင်တော့။

နိုင်ငံရေးဇာတ်ကောင်များ ဖြစ်သော သခင်စိုး၊ သခင်ဘစု၊ ဗိုလ်ချုပ်တေဇ စသည် တို့ မှာ သူ၏ ဇာတ်ကောင်များ ဖြစ်နေကြရသည် ။ ဗိုလ်ချုပ်တေဇ တစ်ယောက်သာလျှင် သူ စိတ်ဝင်စား သော ဇာတ်ကောင်အဖြစ် ပါးပါးလေး ချယ်ရေးနိုင်ခဲ့သည် ကို တွေ့ရသည် ။

ထိုအခါက သူသည် သိပ်မရဲသေး။ တကယ်ရှိသော ပုဂ္ဂိုလ်များ နှင့် ဆင်တူရိုးမှား သဘောမျိုး သာ သိမ်မွေ့စွာဖော်ပြထားသည် ။ ဝတ္ထုနိဂုံးပိုင်းတွင် စစ်ပြီးစခေတ်ကာလတွင် အရောင်နုနုဖြင့် ဖွဲ့နွဲ့ထားသည် ။ စာဖတ်ပရိတ်သတ်သည် 'မြိုင်'ဝတ္ထုကို အချစ်ဝတ္ထု အဖြစ် နှစ်သက်စွာ ခံစားလျှင် ဝတ္ထုရေးသူက ကြေနပ်ရသည် ။ နိုင်ငံရေး ဝတ္ထုအဖြစ်မြင်လျှင်ကား လမ်းဆုံ လမ်းခွတွင် ရပ်၍ ဝေနေရာမှ ခပ်မှုံမှုံလမ်းသွယ်လေးတစ်ခုအဖြစ် မြင်ရလျှင် ကြေနပ်စရာပင်။

**ဒဂုန်တာရာ**

၂၄.၈.၉၂

* * *

# (၁)

ကိုနန်းနွယ်……

ကို………..ကိုနန်းနွယ်ရယ်……..ဟုတ်လား……ဟုတ်မှ ဟုတ်ပါ့မလားကွယ်……..အို ရင်ထဲက ဘယ်နဲ့ ဖြစ်လာမှန်း မသိပါဘူး။

မြိုင့်ရင်ထဲမှာ ရွံ့ရွံ့ကလေး ကွေးနေတဲ့ နေကြာပန်းတွေ ဟာ………ဟော ရှင့်….. လွန့်လွန့် လက်လက်နဲ့ ………တွန့်လူပ် လာပြီး……..ရွှေဝတ်မှုန် ရွှေဝတ်လွှာ ရွှေပွင့်ချပ် တဖြတ်ဖြတ်နဲ့ ပြန်လည် ဆန်းသစ်လာတဲ့ နွေဦးရွှေပါကလားကွယ် ချစ်စရာလေးနော်။

မြိုင်ငယ်ငယ် စာဖတ်စကတည်းက တစ်သက်သက်စွဲလာခဲ့တဲ့ ကဗျာရှင်ကို မြင်ဘူးချင်နေ တာ။ အိပ်မက်ထဲက ဓာတ်ပုံလိုဘဲ နေမလား…..။ သူ့ ကဗျာလေးတွေရဲ့ ကာရန်လှိုင်းကို ပျော့ညက်ညက် ပိုးမြှင့်ဖက် ကွေးကွေးတွေထဲကမှ အတင်းဆောင့်ဆွဲလိုက်တဲ့ အဟု န်လို အနုနဲ့ အကြမ်း၊ မတဲ့ တာစပ်ထားတဲ့ ထူးထူးဆန်းဆန်းလေလား…..။

အို………ချစ်စွာသော ကဗျာရှင်ရယ်……….မြိုင်ဖြင့် ရင်ထဲက ခုန်လိုက်တာကွယ်……။

* * *

(၂)

ကိုနန်းနွယ်သည် ကမျောသောပါးနှင့် သားရေသေတ္တာကိုသာ တွဲပေါ်သို့ အရင်ပစ်တင် ပြီး လူကို မီးရထားတွဲလက်ကိုင်တွင် ကပ်တွယ်ကာ "ဟင်း"ကနဲ သက်ပြင်းချ လိုက်လေသည် ။

ဒီနေ့ ဘာတာရုံမှာ လူရှင်းသည် ဟု ထင်သည် ။ သူသည် ကိုယ်တစ်ခြမ်း တွဲထဲသို့ ရောက်လျှင်ရောက်ခြင်းပင် မီးရထားသည် ရွေ့ ရှားစပြုလေပြီ။ မှီရုံလေးမို့ တော်သေးသည် ။

ရထားသည် တဂျုံးဂျုံး အော်မြင်ကာ ရှေ့နှင့်နောက် မညီမညာယိမ်း ထိုး လှုပ်ရှားရာမှ ချက်ခြင်း မြန်မြန် မြန်မြန်လာပြီး ပြေးသော အဟု နံ့ဝ ယ် တငြိမ့်ငြိမ့်နှင့် မှန်ကန်စပြု လာလေပြီ။

ကိုနန်းနွယ်သည် ပြတင်းမှ မျက်နှာတစ်ဝက်ထုတ်ကာ ပြာလဲ့လဲ့ မြူ မှ င်ကြားဝယ် တဖြည်းဖြည်း ဝေးကျန်ရစ်ခဲ့သော ဘူတာရုံ အမိုးနီနီ လေးကို မြင်နေရသေးသည် ။ တဝေ့ဝေ့နှင့် ရှက်လိန်ကာ မြူစမြူနများ သည် ဘူတာရုံတစ်ခုထဲကိုသာမက ပြင်ဦးလွင်၏ ဘေးတိုက်ပုံသဏ္ဌာန် များကိုပင် ကွယ်ဖုံးစပြုပေပြီ။

"နေရစ်တော့ မေရယ်....."

ကိုနန်းနွယ်သည် တစ်ကိုတည်း ရွတ်ဆိုမိလေသည် ။

သူ၏ မျက်စိမြင်ကွင်းဝယ် ပြင်ဦးလွင်၏ ပျောက်ကွယ်နေရစ်ပုံလေး

မှာ တစ်မျိုးဘဲဟု သူ ထင်သည် ။ ဇာတ်ပွဲထဲက ကားလိပ်ချလိုက်သလို ဟုတ်ကနဲ ပျောက်မသွား၊ အနီးကပ်၍ မြင်ရ သော ကြည်လင်ပြတ်သားသည့် ပုံသဏ္ဍာန်တို့ သည် တစ်စတစ်စ မှုန်ဝါးဝါးဖြစ်လာသည် ။ ရှမ်းကုန်းမြေမြင့်။ စာရိတ္တတစ်ရပ်ဖြစ်သော မြူအုံ့ခြင်းသည် ကြေးမုံမှန်ပေါ်တွင် အငွေ့ရိုက်သလို တဖြည်းဖြည်း သဏ္ဍာန်တို့ သည် ပျက်ပြယ်ကာ တွန့်ကောက်မှုန်သေးစပြုလာသည် ။

နောက်ဝေး၍ ဝေး၍ လာသည့်အခါ ဘေးတိုက်ပုံသဏ္ဍာန်များ သည် သေး၍ သေး၍ သွားပြီး နောက်ဆုံး၌ ပျပျ မျဉ်းကြောင်းလေးမျှသာ ကျန်တော့သည် ။ မီးရထားသံလမ်း တစ်ကွေ့သို့ ကွေ့ လိုက်သောအခါမူကား မြို့၏ သဏ္ဍာန်သည် လုံးဝမရှိတော့ဘဲ ဘာဟူ၍ မမှ ည့်တတ်နိုင်သော ရှုခင်း အသစ် တစ်ရပ်အစား ရောက်နေတော့သည် ။

မှိုင်းညို့သော တောအုပ်၊ ထိုတောအုပ်တန်းပေါ်ကမှ ဆီးကာသွယ်တန်းလျက်ရှိသော တောင်တန်းပြာကြီး၊ ဒါဘဲ။ ဒါကို ရှမ်းကောင်းပြင်အပြာ ကမ္ဘေဇအပြာက နောက်ကခံထားပေး သည် ။ ဒါပါဘဲ။

* * *

(၃)

သူသည် အဲဒီ တော့မှ တစ်ဝက်ပြုံးကာ တွဲထဲသို့ ခေါင်းကို လှည့်လိုက်သည် ။ မည်သူမျှ သူ့ လို အပြင်ဘက်ကို ကြည့်မနေကြ မည်သူမျှ သူ့လို ပြင်ဦးလွင်၏ ပျောက်ကွယ်နေရစ်ပုံကို စိတ် မဝင်စားကြ။ မရှုငေးကြ ။

ပြင်ဦးလွင်က ထွက်လာသည် ။ နောက်ဘူတာတစ်ခုရောက်မည်။ ဒါဘဲ၊ သည့်ထက် ဘာထူး ဦးမှာ လဲ။ သူတို့ ကား သည် လိုဘဲ သဘောရပေမည်။ သူကား မဟုတ်။ ပြင်ဦးလွင်သည် အဘယ်ပုံ ဝေးကာပျောက်သွားသည့် ဟန်ပန်ကို ကြည့်ချင် သိချင်နေသည် မဟုတ်လား။

သူသည် ကိုလံဘီယာ တက္ကသိုလ်မှ ပါမောက္ခတစ်ဦးရေးသော "ကဗျာ၌ ခံစားကြည်နူးရေး" အမည်ရှိစာအုပ်ကို သွားသတိရသည် ။ ထိုပါမောက္ခက "ကဗျာဆန်သည် "ဆိုသော အနက်ကို ပြောပြသည့်အတိုင်းဆိုလျှင် ပြင်ဦးလွင်ကထွက်ယင် နောက် ဘူတာဘယ်တော့ရောက်မလဲဟု သာ ရှိသူ သည် ကဗျာ မဆန်သူ (လ က် တွေ့ သ မ ား)ဖြ စ် ၍ ပြင်ဦးလွင် ပျောက်ကွယ်ပုံကိုပဲ ရှုမြင်ခံစားသူမှာ ကဗျာဆန်သူဖြစ်ပေမည်။

ယခုမှ ပင် 'ကဗျာမဆန်သူ' ခရီးသည် များကို သတိထားမိသည် ။ မြန်မာအဝတ်အစား ဝတ်သူမှာ သူတစ်ဦးတည်းပဲမှတ်သည် မဟုတ်။ ကုလားကပြားတစ်ယောက်ကား မြန်မာလုံချည် ဝတ်ထားသည် ။ တရုတ်

သုံးယောက်၊ ကုန်သည် နှင့်တူသည် ။ ပန်ချာပီနှစ်ဦး။

ကျန်သူများ မှာ ရှမ်းအမျိုးသားများ ဖြစ်သည် ။ အပြာနှင့် အနီ ကြက်သွေး၊ သူတို့ ၏အဝတ် အစားမှာ တောက်ပြောင်ခြင်းမရှိ။ ခပ်နွမ်းနွမ်းချည်း၊ ရှမ်အဘိုးအိုတစ်ဦးသည် ငိုင်ကာတွေးနေ သည် ။ ရှမ်းအပျိုမကလေးတစ်ဦးမှာ သူ့အမေဘေးဝယ် ကပ်ကာ သူအား အကဲခတ်သကဲ့သို့ ကြည့် နေသည် ။ သူမ၏မျက်လုံးမှာ ရိုးသားခြင်းဖြင့် ပြောင်လက်၏ ။ သန့်ရှင်းခြင်းဖြင့် တောက်ပနေ၏ ။

ဒေါင့်တစ်ဒေါင့်ရှိ ကုလားနှစ်ဦးသာ စကားပြောနေကြ၏ ။ ကိုနန်းနွယ်မှာ ရှမ်းပြည်နယ်သို့ ပထမအကြိမ် လာခြင်းဖြစ်ရာ အရာရာ စိမ်းနေ၏ ။ ရန်ကုန်မီးရထားလို ပိုးဖဲ စီးကရက်မီးခိုး၊ ပေါင်ဒါ နံ့ ဂီစကီငွေ့ဖြင့် ရှက်သန်းခြင်းမရှိ။

ဟော......ဝက်ဝံဘူတာရောက်ပြီ။ ဘာတာရုံ ပလက်ဖောင်းတွင် ရှမ်းပုလိပ်သုံးဦး ရပ်နေ သည် ကို တွေ့ရသည် ။ အဝတ်မှာ ကာကီမဟုတ်။ အပြာရင့်ရောင်၊ ရှမ်းခေါင်းပေါင်းနီ ပေါင်းထား သည် ။ ဝက်ဝံက ကျော်လွှင် ရှမ်းပဒေသရာဇ်နယ်သို့ ဝင်မိလေပြီ။

ကိုနန်းနွယ်သည် ပြတင်းမှ ပေါ်လာသော ရုပ်ရှင်ကားနှစ်ကားကို ကြည့်နေသည် ။ အနီး သံလမ်းဘေးရှိ ဓါတ်တိုင်၊ တောရိုင်းချုံနွယ်၊ တဲငယ်များမှာ တရိပ်ရိပ် နောက်တွင် ကျန်ရစ်ကုန် လျက်။ အဝေးရှိ တောတန်းပြာပြာကား မပြောင်းလဲဘဲ ငြိမ်နေသည် ။ ခုနကကဲ့သို့ပင် ကောင်းကင် ပြာအေက်က တောင်းတန်းကြီးတွေချည်းဘဲ။ တည်ငြိမ်ခြင်းနှင့် ရွေ့လျားခြင်း။ အဝေးနှင့် အနီးက လှည့်စားခြင်းသာဖြစ်ပေသည် ။ မီးရထားကသာ ရွေ့ရှားပြီး ဓတ်တိုင်ရော တောင်တန်းရောမှာ ငြိမ် နေကြပေသည် ။

ရှမ်းဘူတာများ တစ်ခုပြီးတစ်ခု ကျော်လွန်ခဲ့လေပြီ။ တဲလေးများ ဖြင့် ကြိုးတိုကြဲတဲ ရှမ်း ရွာများကို တွေ့ခဲ့ရသည် ။ တဖြေးဖြေးရွာစဉ်သည် ပြတ်ကာ တောသည် နက်ရှိုင်းစပြုလေပြီ။ မကြာမီ ဂုဏ်ထိပ်တံတားကြီးကို ဖြတ်ရသည် ။

ရထားသည် တံတားပေါ်တွင် အနေးခုတ်မောင်းသည် ။ ခရီးသွားတို့သည် ငြိမ်နေသည် ။ ကိုနန်းနွယ်ကား ပို၍ ငြိမ်သည် ဟု ထင်သည် ။ တောင်နှစ်ခုကြားရှိ ချိုင့်ဂှမ်းကြီးကား အမှောင် တစ်ဝက်ဝယ် စိမ်းပြာပြာဖြစ်နေသည် ။ အပေါ်ကနေကြည့်လျှင် အောင်မြေရှိ သစ်ပင်ကြီးများကို မြက်ပင်ဟု မှတ်ထင်နေသည် ။ ပီတိသေးသေး။ တံတားအောက်ရှိ ကင်းစောင့်ပုလိပ်မှာ အရုပ် ကလေးလောက်သာရှိသည် ။

* * *

(၄)

နောက်ဥမင်လိုဏ်ခေါင်းများကို ဖြတ်ရပြန်သည် ။ လိုဏ်ခေါင်းထဲ ခုတ်မောင်းသွားသော အခါ ပကတိ မှောင်ပိန်းနေသည် ။ ဘာမှ မမြင်။ စက်သံသာပဲတင်ရိုက်နေပြီး လိုဏ်ခေါင်းမှ ထွက် လျှင် လင်းလာသည် ။ ရာဇဝင်ခေတ်များ ၊ အမှောင်ခေတ်၊ ပြနလည်ဆန်းသစ်ရေးခေတ်၊ မှောင်။ ဆန်း......။

အမှောင်ရိပ်တို့ သည် သန်းစပြုလေပြီ။ ချိုင့်ဝှမ်းတို့ တွင် ခပ်ညိုညိုရှိလေပြီ။ တောင်ခြေရှိ စိမ်းညိုညိုသည် ပြာမှောင်စပြုလေပြီ။

ကိုနန်းနွယ်ကား မနက်စာကို ၈ နာရီလောက်က ပြင်ဦးလွင်ဟော်တယ်တွင် စားခဲ့ရာ။ ယခု ညနေစောင်းတွင် ဆာလာသည် ။ သို့သော် မုန့်ပဲ သရေစာဆိုင်ရှိသော ဘူတာသို့ မဆိုက်သေး။

သူ့ရှေ့ရှိ ကုန်သည် နှင့်တူသော တရုတ်သည် ပါလာသောဓာတ်ဘူးထဲမှ လက်ဖက်ရည် ကို ငှဲ့သောက်နေသည် ။

"ဒီမယ်.....ပေါက်ဘော်............. လားရှိုးကို ဘယ်တော့ မဆိုက်မလဲ" ကိုနန်းနွယ်က ပြုံးကာ လှမ်းမေးလိုက် သည် ။

"ည ၈ နာရီလောက်မှ ရောက်မယ်။ မိတ်ဆွေက ဧည့်သည် နဲ့ တူတယ်။ ရန်ကုန်ကလား။ လက်ဖက်ရည် သုံးဆောင်ပါအုံးလား"ဟု မြန်မာ ရေလည်သော တရုတ်က ဘော်ရွှေ သွက်လက်စွာ ပင်

လက်ဖက်ရည်ပန်းကန်ကို မ, ယင်း ပြောသည် ။

"ဟုတ်ကဲ့........ရန်ကုန်က ရှမ်းပြည်နယ်ကို လာလယ်တာဘဲ.....တခါမှ မရောက်ဖူးဘူး ရှေ့ဆိုက်မဲ့ဘူတာက ဘာလဲ"

"သီပေါပေ့ါ......သီပေါဆိုတာ အင်မတန်လှတယ်၊ နဲနဲတော့ပူတယ်"

မီးရထားသည် တောင်တစ်တန်းကို ကွေ့လိုက်သည် ။ တောင်ပူစာတစ်ခုထက်၌ အုတ်ကျွတ်နီနီနှင့် ဘိုဆန်ဆန် အဆောက်အဦ တစ်စုကို တွေ့ရသည် ။ ကိုနန်းနွယ်သည် ထိုနေရာ ဆီသို့ ငေးကြည့်နေ၏ ။

"ဒါ......... နွေရာသီမှာ စံတဲ့ ဟော်နန်းပေ့ါ......."ဟု တရုတ်ကပြောပြလျှက်ရှိတယ်။

မကြာမီ သီပေါသို့ ရထားဝင်လေပြီ။ သီပေါမြို့ကား တောင်များ ဝိုင်းရံလျှက်ရှိသော မြေပြန့် တွင် တည်ထားသည် ။ လမ်းများမှာ အကွက်ချ၍ ခေတ်မီသည် ။ တိုက်တာ အိမ်ကောင်းများ ရှိ သည် ။ လှပသော မြို့ဟု ဆိုနိုင်သည် ။

သီပေါတွင် ရထားသည် အတန်ငယ်ရပ်သည် ။ ကိုနန်းနွယ်သည် လက်ဘက်ရည်ကိတ်မုန့် နှစ်ချပ်နှင့် ညစာကို လုပ် လိုက်လေသည် ။ တရုတ်ကုန်သည် ကား ရန်ကုန်ရှိ ကူးသန်းရောင်းဝယ် ရေး အခြေနေကို မေးမြန်း၍ နေသည် ။ မြန်မာပြည်အနှံ့အပြား၌ နိုင်ငံခြားသားတို့ သည် ကုန်သည် ကိစ္စကို လုပ်လျှက်ရှိကြသည် ။

အမှောင် နက်စပြုလျှင်ပင် ကောင်းကင်လယ်မှ လသည် ငြိမ့်ငြိမ့်ကြီး ထွက် လာလေ သည် ။ မီးရထားသည် တောင်ကိုတက်စပြုလေပြီ။ ညဦး သည် ငွေလရောင်ဖြင့် ပြည့်နေတော့သည် ။

သစ်ပင်ထိပ်ဖျားတို့ သည် ငွေဆံပင်ကောက်၊ ငွေဆံပင်တွန့်ကလေး

များ ဖြင့် လွှန့်ကာ တဖိတ်ဖိတ် လက်နေကြသည် ။ ညဥ့်ဦးမေအပျိုက လေး။ တောင်တက်ဖြစ်သဖြင့် ရထား သည် သိပ်မမြန်လှ၊ ရှမ်းခရီးသည် များ သည် တစ်ယောက်စ နှစ်ယောက်စ၊ ရွာများ တွင် ဆင်းသွားကြ လေ ပြီ။

ငွေလရောင်သည် ပို၍ အားကြီးလာသည် ။ ပျိုမြစ်သော ညဥ့်ဝယ် ကောင်းကင်မှာ စိန်သွား လို မြမြဝင်းသည် ။ စိန်သားထဲမှ ငွေရည် အိ ကာ တစက်စက်ကျ လာပြီး တော၊ တောင်၊ အိုင်၊ မြစ်ဝယ် ပြန်ကာ စိုစွ တ်စေသည် ။

လက်ဝဲဘက်တွင် ကား သစ်ပင်တို့ ဖြင့် အုပ်ဆိုင်းကာ မဲမှောင်၍ နေ သော မြေထရံကြီး။ လက်ျာဘက်တွင် ကား အထစ်ထစ်နှင့် စီးဆင်းနေ သော ဒုဋ္ဌာဝတီမြစ်၊ မန်ဆမ်ရေတံခွန်ကြီးကို မြင်ရပြန်သည် ။ ရေတံခွန်ကြီးမှ ရေအားနှင့် သွယ်ယူထားသော လျှပ်စစ်မီးပွင့်များမှာ တောင်ခါး ပန်းဝယ် စီရရီတွေ့ရသည် ။

အလုပ်သမားနှင့်တူသော ရှမ်းကြီးနှစ်ယောက်သည် မန်ဆမ်တွင် ဆ င်းသွားကြသည် ။ မီးရထားသည် ကျောက်မီးသွေးထပ်ထည့်ရန်အတွက် ခေတ္တနားနေသည် ။

မီးရထားလမ်းနှင့် ယှဉ်လျက် စီးဆင်းနေသော ဒုဋ္ဌာဝတီမြစ်မှာ တ လက်လက်ထွန်းပလျက်။ လသည် ရထားနှင့်အတူလိုက်ကာ သစ်ကိုင်းများ အကြားမှ တူတူပုန်းယင်းပြေးနေသည် ။ ရထား ၏ တငြိ မ့်ငြိမ့်ဝယ် ကိုနန်းနွယ်မှာ ခပ်ငိုက်ငိုက်ဖြစ်လာသည် ။ တစ်ခါတစ်ခါ ငွေ လရောင်သည် သူ၏ မှေးနေသော မျက်လုံးဝယ် ဝိုးတဝါးဖြစ်သည့်အခါ ဖြစ်သွားသည် ။

သို့သော် သူ့ရင်ထဲ၌ ကား၊ ကဗျာတစ်ပုဒ်သည် တစ်ပိုင်းတစ်စ ဖြစ်

နေသည် ။

ငွေခြည်မျှင်၏

ဖွဲ့သွင်ညက်ညော၊ ပြောင်ချောချောမှာ

လျော့ကာစကိတ်၊ ထရိပ်ရိပ်နှင့်

ဖိတ်ဖိတ်ရွှန်းမြ၊ စီးကြရအောင်

ငွေလရောင်၏ လမ်းကြောင်းမှာ ။။

မြနဂါးငွေ့

ရပ်နားခိုပြီး၊ ဆက်လက်စီးမယ်

ယိုယီးလေလေ့၊ ကြယ်ကိုတွေ့ပြီ

ကွေ့လိုက်တခါ၊ ငွေမြစ်ညှာသို့

ဝေ့ကာဝိုက်၍ တငြိမ့်ငြိမ့်။ ။

ဒီတစ်ခါဝယ်

မူးကာတိတ်တိတ်၊ တိမ်ထိပ်ဦးမှ

လျော၍ ချသော်၊ အောက်နေ၍

ပွေ့ယူဆီးဖမ်း၊ မောအနမ်းသည်

နှုတ်ခမ်းနီနှင့် ရှမ်းမပျို။။

နှုတ်ခမ်းနီနှင့် ရှမ်းပျိုမကလေး၏ အနမ်းမှာ တစ်ဖြည်းဖြည်းပူနွေး စူးရှ လာပြီးလျှင် ကောင်မကလေးက သူ၏ နှုတ်ခမ်းကိုပင်ကိုက်လိုက် သဖြင့် 'အား'ခနဲ အော်မိသည် ။ သူသည် ငိုက် ရာမှ တံခါးဘောင်နှင့် ဆောင့်သဖြင့် နှုတ်ခမ်းမှာ တရုတ်ကပ်သစ်ပြားနှင့် ပွတ်မိသွားသည် ။

ကဗျာ အိပ်မက်လည်း ပြယ်လေပြီ။ သူ့ရှေ့ရှိ ရှမ်းပိျုမလေးမှာ သူ့ကိုကြ ည့်ပြီး ရယ်မောနေသည် ။

ငွေလရောင်သည် သူ၏ မျက်နှာပေါ်၌ ထိုးရိုက်လျက်ရှိလေသည် ။

* * *